


mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဒီ ကောင်ဆိုးလေးကို သတိရနေမိတယ်။
အချစ်လား မဟုတ်ဘူး။
ဒီ့ အဖြေရှာ လမ်းကြောင်းလေးကို
ကျော် ဖြတ်ကာ ပြင်ဆင်ပြီးကြရပါပြီ။

ခင် ပြုံး စိန် အ တွက် သီ ဖြစ် တဲ့ ဒိုင် ယာ ရီ

# ဇေဦးယျာ



ခင်ပြုံးစိန် - ဇေဦးယျာ - ၂၅၀၀ကျပ်
2542979031466

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK


# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၃ ခုနှစ်။

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးမင်းထက်ဟန်၊ (၀၂၇၇၄)

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက်၊ (၀၀၈၃၆)

မျက်နှာဖုံးပန်းချီ - စွာန်ရဲထွဋ်

အတွင်းအပြင်အဆင်နှင့်

စာစစ် - ဇလပ်နီ

ဖြန့်ချိရေး - ဇလပ်နီစာပေ

၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈

တန်ဖိုး - ၂၅၀၀ ကျပ်

၈၀၈.၈၄

ဇော်ဦးယျာ

ခင်ပြုံးစိန်အတွက် သီဖြစ်တဲ့ ဗိုင်ယာရီ၊ ဇော်ဦးယျာ၊ - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၃။

စာ-၁၀၇၊ ၁၃.၉ × --------

(၁) ခင်ပြုံးစိန်အတွက် သီဖြစ်တဲ့ ဗိုင်ယာရီ၊




mgyoe.com

mgyoe.com SAMPLE BOOK

မှတ်မှတ်ရရ ခင်ပြုံးစိန်

တရက်တုန်းဆီက ခင်ပြုံးစိန်ကို ကျွန်မ အမှတ်မဲ့ လှမ်းတွေ့ပါသည်။ ပြင်ပမှာတော့ မဟုတ်။ ပန်းချီကားချပ်ထဲမှာ…။

ခင်ပြုံးစိန်၏ ပန်းချီမှာ ရေးဆွဲလက်စ။ ပန်းချီဆရာက ဆွဲလက်စနှင့်ပင် မိတ်ဆွေအပေါင်းကို ပြသနေသည်။ ပြသခိုက်မှာပင် ကျွန်မကလည်း လှမ်း၍ မြင်လိုက်သည်။ ငယ်မူငယ်သွေး ပြည့်သော ခင်ပြုံးစိန်၊ ရိုးရှင်းချစ်စဖွယ်ကောင်းသော ခင်ပြုံးစိန်။ ဖြိုးခနဲ ဖျတ်ခနဲ မြင်လိုက်ရသော သူ့အပြုံးကလည်း ကြည်ကြည်စင်စင်။

ပြောရလျှင် ခင်ပြုံးစိန်သည် ရုပ်လုံး မပေါ်လှသေး။ သနပ်ခါးပါးကွက်လေးကလည်း အဝါနုသွေး ခပ်ရေးရေးမျှသာ မြင်ရသေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

သည်မှုနှင့်လည်း ခဏတဖြုတ် ငေးသော ကျွန်မကို အကြည်ဓာတ်ကလေး ပေးခဲ့ပါသည်။ ဒါကြောင့်လည်း သူ့ကို မြင်ခွင့်ရဖို့ တနေ့တနေ့ မျှော်ကြတာ ဖြစ်မှာပဲဟု ကျွန်မ တွေးနေခဲ့သည်။

နေ့ရှိသရွေ့ စောင့်ကြည့်သူများစွာထဲ ကျွန်မတော့ဖြင့် ပီပီပြင်ပြင် မပါဝင်ခဲ့ပါ။ ဘယ်လိုဘယ်ပုံများ ဆက်ရေးပါ့မလဲ တထိတ်ထိတ် မျှော်မောရသော အလုပ်ကို မကြိုက်လှ၍ ပန်းချီကား ပြီးတော့မှ ကြည့်တာပေါ့ တွေးခဲ့ပါသည်။ သို့ပေမယ့် ဖြတ်သွားဖြတ်လာတော့ မငေးဘဲ မနေနိုင်။

တနေ့တော့ ခင်ပြုံးစိန်ကို တော့တော့ဆိုင်ဆိုင် ကျွန်မ တွေ့ရဦးဉာပေါ့။

ခင်ပြုံးစိန် ပန်းချီကားချပ်ကို ကျွန်မ စတင်ထိတွေ့ရသော နေ့ရက်သည် တိုက်ဆိုင်စွာပင် စိတ်အကြည်ငွေ့ ခန်းခြောက်သောကာလ ဖြစ်နေခဲ့သည်။ ကျွန်မ၏ ပတ်ဝန်းကျင်သည် ပိန်းပိတ်မှောင်လျက်။ တထိတ်ထိတ် ခြောက်လှန့်သော အရိပ်များကြားမှာ နံရံတထောင့် ကပ်လျက် ကျွန်မ နာကျင်နှုတ်ဆိတ်နေခဲ့ချိန်။

အဲဒီအချိန်မှာမှ ခင်ပြုံးစိန်ကို ကျွန်မ မျက်နှာချင်းဆိုင် တွေ့ခဲ့ရတာပါ။

ပန်းချီဆရာက 'ခင်ပြုံးစိန်' ပန်းချီကားချပ်လေး ပြရတာပင် ကျွန်မကို အားတုံ့အားနာ ရှိနေသည်။ "အစ်မကတောင် ကျေးဇူးတင်ရမှာ"



mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောလျက် ဆေးသား သွေ့ခြောက်စ ပန်းချီကားချပ်လေးကို ကျွန်မ ငေးနေခဲ့သည်။

ခင်ပြုံးစိန်သည် အဝေးက မျှော်ရပုံနှင့် မတူတော့။ အနီးကပ် ကြည့်လေတော့မှ အလှက ပိုပီပြင်လာသည်။ ပြုံးမြမြ နှုတ်ခမ်းလွှာများကြားက ရယ်သံကို ပြင်ပမှာ ကြားရသလို ကျွန်မ ထင်နေသည်။ သနပ်ခါး ပါးကွက်လေးတွေကလည်း တို့လိုက်ထိလိုက်ရုံနှင့် မွှေးရနံ့ ကပ်ငြိလာတော့မလိုပါ။

ပန်းချီကားချပ်ထဲက လွင့်ပျံ့ဖိတ်စင်သော ခင်ပြုံးစိန်နှင့် ချစ်ရသူတို့၏ ဂီတသံများက ကျွန်မကို ပြုံးနေစေသည်။ ချစ်သမျှ... ချစ်သမျှကို...။ အပြန်အလှန် ဗုက်သော ချစ်ခြင်းမေတ္တာ စကားထာများက ပျောက်ဆုံးလက်စ ကြည်လင်ရွှင်ပျမှုကို ကျွန်မထံ ပြန်လည်ဆောင်ကြဉ်းလာသည်။ သူတို့ထံက စိမ့်ဝင်လာသော နုပျိုလန်းဆန်းမှု၊ နွေးထွေးမှု၊ မေတ္တာတရားက ကျွန်မအနီးက စံကားဝါပင်ထက်မှာ။

ရွှင်သော ကြည်သော အငွေ့အသက်သည် မောပန်းခဲ့ပြီဖြစ်သော ကျွန်မ၏ စိတ်ခန္ဓာကို ထွေးရစ်လာသည်။ ဒဏ်ရာသည် တစစ အနာသက်သာသလို။

ခင်ပြုံးစိန် ပန်းချီကားချပ်ကို ကျွန်မ ပြုံး၍ ငေးမြဲ။

ပြီးပြည့်စုံသော ပန်းချီကား တချပ်လားဟု မေးလျှင်တော့



mgyoe.com

mgyoe.com SAMPLE BOOK

နောက်ထပ်ဆေးချက်လေးတွေ တို့စရာ ကျန်ဦးမလို ခံစားရတာပါပဲဟု ကျွန်မ ဖြေပါမည်။ မတင်းတိမ်လိုသေးသော ကျွန်မ၏ စိတ်အလျဉ်ကြောင့်။ ပို၍ ပို၍ ပီသကြည်မြသော အလှတရားတို့ကို ခင်ပြုံးစိန်၏ မျိုးဆက်များမှာ မြင်ရမည်ဟု ကျွန်မ မျှော်လင့်ပါသည်။

နွေးထွေးနူးသစ်သော အခိုက်အတန့်ကို ပိုင်ဆိုင်ခဲ့ရ၍ ခင်ပြုံးစိန်ကို ကျွန်မ ကျေးဇူးတင်ပါသည်။

ချစ်ခင်စွာ

စံပယ်ဖြူနု

၂၉.၁၀.၂၀၂၁



mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၁)

အဲဒီနေ့က စံကားဝါပန်းတွေ ပွင့်တယ်။ အခါတိုင်းလို ကျွန်တော်
ခူးပေးဖို့ ပြင်တော့ သူက ခေါင်းယမ်းပြတယ်။

"ငါ ဝိုရမှာလား"

လို့ မေးတော့-

"ဝိုစရာ မလိုဘူး" တဲ့။

"ရယ်လို့လဲ မရတဲ့ အခြေအနေလေ"

လို့ ကျွန်တော်က ပြန်ပြောတော့-

"ရယ်လို့ မရတိုင်း ဝိုဖို့မှ မလိုတာ" တဲ့။

မျက်မှောင်ကြုတ်ထားတဲ့ သူ့ပုံစံလေး မြင်တိုင်း အသည်းယား



mgyoe.com

mgyoe.com SAMPLE BOOK



မိတဲ့ ခံစားချက်က ပေါ်ပေါ်လာတတ်တယ်။ သူ့ပါးတွေကို ဆွဲလိမ်တာမျိုး သူ မကြိုက်ဘူး။

တကယ်ဆို ခံစားချက်တွေကို လေးလေးပင်ပင် တွေးပွေ့ဖို့ ပတ်ဝန်းကျင်က တိတ်ဆိတ်ပေးရမှာမျိုးလေ။ ဒါပေမဲ့ မိုးတွေ ရွာလာတယ်။ ရွာတာမှ သဲသဲမဲမဲ။ သူ့လက်ထဲက ထီးကို ကျွန်တော့်ဆီ ကမ်းပေးတယ်။ ကျွန်တော့်တကိုယ်လုံး စိုနေပြီမို့ ထီးက မလိုတော့ဘူး။

"အပြီး ပေးတာလား"

လို့ ကျွန်တော် မေးလိုက်တယ်။

"ဟင့်အင်း၊ ခဏ ငှားတာ" တဲ့။

ဒီတခါ ကျွန်တော် ခေါင်းယမ်းအလှည့်။ ကမ်းပေးလာတဲ့ ထီးကို ကျွန်တော် မေ့ပစ်လိုက်တယ်။ စံကားဝါပင်ကြီးကို မော့ကြည့်ပြီး ခပ်ကျယ်ကျယ် ဆဲရေးလိုက်တယ်။

ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်မိတယ်။

ဒါ နောက်ဆုံးပဲလို့ နှုတ်ဆက်ခဲ့တယ်။ သူ့ကိုတော့ မဟုတ်ဘူး။ သူ့အိမ်ရှေ့က လမ်းကြားလေးကို။ နောက် စကားဝါပင်ကြီးကို ...။

꧁꧁꧁



mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ( ၂ )

ညနေခင်းဟာ ဆူညံလွန်းနေတယ်။ ဒီလို ဆူညံခြင်းတွေက အသည်းကွဲနေသူ တယောက်ရဲ့ ခံစားချက်တွေကို အဆင်မပြေစေတာ အမှန်ပဲ။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ ရွေးချယ်ခွင့် ဆိုတာတွေက အမြဲတမ်း ကိုယ့်ဘက်မှာ ရှိနေတတ်တာမျိုးမှ မဟုတ်တာ။ နောက်ပြီး အရက်ဆိုင် ဆိုတာက တိတ်ဆိတ်နေအပ်တဲ့ အရပ်ဒေသ တခုလည်း မဟုတ်။

ကိုဗစ်ကြောင့် အတီးသင်တန်းတွေ ပိတ်ထားရတဲ့နောက်ပိုင်း ဇကြီးဆီကို ခဏခဏ ရောက်ဖြစ်တယ်။ တခါတလေဆို ဇကြီး အခန်းမှာ တင် သုံးလေးငါးရက် သောင်တင်နေတတ်တာမျိုး။ အခုလည်း ဇကြီးနဲ့



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော် အရက်ဆိုင် တခုကို ရောက်နေကြတာ။

ထိုင်နေတာ အတော်ကြာနေပေမယ့် နှစ်ယောက်သား စကား ကောင်းကောင်း မပြောဖြစ်ကြသေးဘူး။ ကျွန်တော်က ဟိုတွေး၊ ဒီတွေး။ ဇကြီးကလည်း ဟိုငေး၊ ဒီငေး။ အခါတိုင်း စကားတွေ ဖောင်ဖွဲ့နေတတ်တဲ့ ဇကြီးက ဒီနေ့တော့ စကားနည်းနေသလိုပဲ။ အသည်းကွဲသမား တယောက်ဆီကနေ အံကျလာတတ်တဲ့ စကားလုံးတွေမှာ ပျော်စရာ ကောင်းတာတွေ ပါလာတတ်တာမျိုး မဟုတ်လို့လား၊ ဒါမှမဟုတ် ကျွန်တော့် ခံစားချက်တွေကို မဆွမိအောင် ထိန်းနေသလားပဲ။ ကျွန်တော် လည်း သေချာမသိဘူး။

"ဟိုမှာ ဟိုမှာ အဲဒီ့ကောင် အဲဒီကောင်"

ရုတ်တရက် ထအော်လိုက်တဲ့ ကျွန်တော့်အသံကြောင့် ဇကြီး အရက်သီးသွားတယ်။

"မင်းကလဲ အလန့်တကြား ရှိလိုက်တာ ခန့်ပိုင်ရာ။ ဘယ်ကောင် လဲ၊ ဘယ်မှာလဲ"

"ဟိုမှာလေ ဟိုမှာ၊ အကျီအပြာနဲ့ ကောင်"

ကျွန်တော် လက်ညှိုးထိုးပြရာနောက်ကို ဇကြီး လိုက်ကြည့်တယ်။ လိုက်သာကြည့်နေပေမဲ့ စိတ်ဝင်စားပုံတော့ မရဘူး။

"ငါလဲ မသိပါဘူး။ အဲ့ကောင်က ဘယ်သူလဲ"



mgyoe.com

mgyoe.com SAMPLE BOOK



အင်း။ ဇကြီးကတော့ ဘယ်သိပ့်ါမလဲ။ ကျွန်တော်ကတော့ သူ့ကို ကောင်းကောင်း သိတယ်။ သိတာမှ ရင်ဘတ်ကြီး တခုလုံးနဲ့ ရင်းပြီးကို သိတာ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကတောင် သူ့ကို တွေ့ခဲ့သေးတယ်။ စကားဝါပန်းတွေ ပွင့်နေတဲ့ အိမ်တအိမ်ရှေ့က လမ်းကြားလေးထဲမှာ။ အဲဒီအိမ်ထဲက ထွက်လာတဲ့ မိန်းကလေးတယောက်ဟာ သူ စီးသွားတဲ့ ဆိုင်ကယ်ပေါ်မှာ ကျော့ကျော့လေး ထိုင်လိုက်သွားတာ။ အမှတ်တမဲ့ မြင်လိုက်ရတဲ့ အဲဒီမြင်ကွင်းဟာ ကျွန်တော့်ရင်ခုန်သံတွေကို ဝရုန်းသုန်းကား ဖြစ်သွားစေခဲ့တာ။ အမှတ်တမဲ့ ကြားလိုက်ရတဲ့ ရယ်သံ လွင်လွင်လေးတွေက ဗုံးတလုံး ကွဲလိုက်တဲ့ အသံလို ကျွန်တော့် နားထဲမှာ ဆူဆူညံညံ ကျန်နေခဲ့တာ။

အချစ်က ခါးတယ် ဇကြီး။ မင်း မေးခွန်းကို ပြန်ဖြေရတာလည်း ခါးတယ်။

"ငါ့ကောင်မလေး ဘဲလေ"

ဇကြီး နောက်တခါ ထပ်သီးသွားပြန်တယ်။ ဒီတခါ ရေသီးတာ။

"ဘာလဲဟ ငါ့ကောင်မလေး ဘဲက၊ ဘာပြောတာလဲ"

"ငါ ကြိုက်နေတဲ့ ကောင်မလေးရဲ့ ဘဲလေ"

ဇကြီး စကားလုံးတွေ သီးသွားတယ် ထင်ပါရဲ့။ မချိတင်ကဲ အသံလေး ထွက်လာတယ်။



mgyoe.com

mgyoe.com SAMPLE BOOK


"မင်းကွာ" တဲ့။

ကျွန်တော့်ဘဝမှာ ခါးမှန်း သိလျက်နဲ့ ကြိုက်မိတာ အရက်တခုပဲ ရှိတယ်လို့ ထင်ခဲ့ဖူးတယ်။ အချစ်ပါလာလိမ့်မယ်လို့ မသိခဲ့မိတာ အမှန်ပဲ။

ကောင်းကင်တခုလုံးကတော့ မိုးရိပ်တွေနဲ့ မည်းမည်းမှောင်လို့။ တချို့ညနေတွေက နေအဝင် မလှဘူး။


mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်အဖြစ်အပျက်တွေ နားထောင်နေတဲ့ ဖကြီးဆီက သက်ပြင်းသံ ခပ်လေးလေးတခု ကြားလိုက်ရတယ်။

"အဲဒီတော့ သူက ဘာပြန်ပြောလဲ"

"နောက်နေ့ကျရင် 'ချစ်သမျှကို' တက်ပေးဦးတဲ့"

ကျွန်တော့်အဖြေကို ဖကြီးက နားမလည်ဟန်နဲ့ မျက်မှောင် ကြုတ်တယ်။ မျက်မှောင် ကြုတ်ကျတာချင်း အတူတူ မိန်းကလေးတွေ မျက်မှောင်ကြုတ်တာက ပိုကြည့်ကောင်းတာ အမှန်ပဲ။

"ဘာလဲ ချစ်သမျှကို တက်တာက"

"ပတ်ပျိုးသီချင်းလေ"

ဖကြီးက လက်ထဲကိုင်ထားတဲ့ ခွက်ကို စိတ်ဆိုးမာန်ဆိုး ဆောင့် ချတယ်။

"ဟာကွာ လခွမ်းတဲ့၊ မင်းတို့ ဆိုကြတီးကြတာကို မေးနေတာ မဟုတ်ဘူးဟ၊ မင်းကို ဘယ်လို အဖြေပြန်ပေးလဲလို့ မေးနေတာ"

"မမှတ်မိတော့ဘူး။ မိုးရွာထဲကနေ သူ လှမ်းအော်တာ ကြား လိုက်တာပဲ။ နောက်နေ့ကျရင် ချစ်သမျှကို တက်ပေးဦးတဲ့"


mgyoe.com

mgyoe.com SAMPLE BOOK



"ခက်လိုက်တဲ့ ကောင်ကွာ၊ မင်းနဲ့တော့ ငါ နှလုံးရောဂါ ရတော့မှာပဲ"

ပုလင်းထဲက လက်ကျန်ကို ကျွန်တော် အပြတ်ရှင်းလိုက်တယ်။ လည်ချောင်းထဲ နွေးခနဲပဲ။

"တချို့စကားတွေက ခဏခဏ ကြားလို့ မကောင်းဘူး ဇကြီးရ။ ဝမ်းနည်းရတတ်တယ်"

ကျွန်တော့်အတွက်တော့ အဲဒီစကားတွေက နောက်တကြိမ် ပြန်ကြားနိုင်စွမ်း မရှိတော့လောက်အောင် ခါးသီးခဲ့တာ အမှန်ပဲ။

"နင် သူ့ကို အဖြေပေးလိုက်ပြီလား"

ဆိုတော့-

"အေး၊ ပေးခဲ့ပြီ" တဲ့။

နောက်ထပ် ဘာစကားလုံးမှ ထပ်မပြောနိုင်တော့လောက်အောင် နာကျင်ဆွံ့အသွားရတဲ့ အဲဒီအခိုက်အတန့်။

အရည်အသွေး ကောင်းကောင်း ကင်မရာတလုံးနဲ့ သေသေသပ်သပ် ရိုက်ထားတဲ့ မြင်ကွင်းတချပ်လိုပဲ။ မေ့ဖို့ ခက်ပါရဲ့။

အချိန်တွေ ကြာလာတာနဲ့အမျှ ပတ်ဝန်းကျင်က ပိုပိုပြီး ဆူညံလာတယ်။ တဖြည်းဖြည်း ရေချိန်ကိုက်လာကြသလားပဲ။

"နောက်တလုံးဟေ့"



mgyoe.com

mgyoe.com SAMPLE BOOK


လို့ ဇကြီးက ထပ်မှာတယ်။ ဒီကောင် ကျွန်တော့်ကို စိတ်ပျက်သွားသလား မသိ၊ သူ့ဆီက မေးခွန်းတွေ ထပ်ထွက်မလာတော့ဘူး။ ကျွန်တော့်ဆီက စကားတွေထက် ပုလင်းထဲက အရည်တွေကို ပိုအာရုံရောက်နေသလိုပဲ။

ဒီနေ့ ဇကြီး သောက်နေတာ ကျွန်တော့်ထက် များနေတယ်။ ကျွန်တော် တခွက်၊ သူ နှစ်ခွက်နှုန်းပဲ။ အသည်းကွဲနေတာက သူလား၊ ကျွန်တော်လားတောင် မသိတော့ဘူး။

ဇကြီး မျက်နှာကို ရုတ်တရက် ကြည့်မိတော့ ရုပ်က ရှိရင်းအသက်ထက် ရင့်နေသလိုလို။ အသားက ခပ်ညိုညိုမှာ ဝတ်တာစားတာကလည်း ဘိုသီဘတ်သီ။ မိန်းကလေးတွေ သဘော ကျလောက်တဲ့ နေထိုင်မှုပုံစံမျိုး ဇကြီးဆီမှာ မတွေ့ရတတ်ဘူး။

ဒီကောင်ကလည်း ရည်းစားထားဖို့ကို စိတ်မဝင်စားသလားပဲ။ ကောင်မလေး တယောက်ယောက်ကို ကြိုက်နေတယ် ဆိုတဲ့ စကားမျိုးကို သူ့ဆီက တခါမှ မကြားဖူးဘူး။ ပုန်းနေတာမျိုးတော့ မဟုတ်တန်ရာ။ ကိုယ့်အတွေးနဲ့ ကိုယ် ပြုံးမိတော့ ဇကြီးက ကျွန်တော့်ကို မျက်လုံးအပြူးသားနဲ့ ပြန်ကြည့်တယ်။

ဘာကြည့်နေတာလဲလို့ မေးလာခဲ့ရင်တော့ စိတ်ထဲက အတွေးကို ဖြေဖို့ပဲ။ ဒါပေမဲ့ ဒီကောင်က ကျွန်တော့် လက်ရှိအခြေအနေကို


mgyoe.com

mgyoe.com SAMPLE BOOK



အားနာနေလို့လား မသိ၊ မမေးလာဘူး။

စိတ်လေလေနဲ့ အိမ်မပြန်ဖြစ်တာ နှစ်ရက်ရှိပြီ။ မိုးတွေ ရွာနေတာကလည်း ဘယ်နှရက်တောင် ရှိနေပါလိမ့်။ ဒီမိုးက တိတ်ရော တိတ်ပါဦးမလားပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

"ဒီမှာ ဒေါ်ခင်ပြုံးစိန်၊ သီချင်းကြီး ဆိုတာ ဆိုချင်သလို ဆိုလို့ မရဘူးဗျ။ စည်းနဲ့ဝါးနဲ့၊ ဘယ်သံ ညာသံနဲ့၊ ဖိရမယ့် နေရာ၊ ဖော့ရမယ့် နေရာနဲ့၊ ဝမ်းစာပြည့်ပြည့်နဲ့မှ ဆိုရတာမျိုး။ အဲဒီထဲမှာမှ 'ချစ်သမျှကို' က ဆိုရအခက်ဆုံးထဲ ပါတယ်။ ခင်ဗျားက 'ချစ်သမျှကို ဟိုဟို...' ဆိုပြီး ဆွဲနေတာ မရပ်နိုင်တော့ဘူး။ အသံ မဆွဲရဘူး မဟုတ်ဘူး။ ဆွဲလို့ ရတယ်၊ ဒါပေမဲ့ ရပ်သင့်တဲ့နေရာ ရောက်ရင် ရပ်ကို ရပ်ရမယ်။ အတီးကို စောင့်ရမယ့်အချိန် စောင့်ကို စောင့်ရတယ်။ ခင်ဗျားကို အကြိမ်ကြိမ် ပြောနေရတာ ကျုပ်အာပေါက်လို့ သေတော့မယ်၊ ကျုပ် ပတ္တလားလဲ တီးရလွန်းလို့ ပါးပြီး ပေါက်တော့မယ်"

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK



"ဟီဟိ"

ကြည့်...၊ မထိလေးစားနဲ့။ ကျွန်တော်က ဒေါသနဲ့ ဆူနေတာကို များ ဟီဟိတဲ့။

"ဘာ ဟီဟိလဲ၊ ငါ စိတ်တိုနေတာနော်"

"နင်က ငါ့ကို ဒေါ်တပ်ပြီး ခေါ်တာ ရယ်ချင်လို့။ ငါ့နာမည်မှ မလှ ပါဘူးဆို၊ နင်က ဒေါ်တပ်လိုက်တော့ ပိုဝမ်းရော။ ပြီးတော့ နင် ပွစိ ပွစိ ပြောနေတာကလဲ ချစ်စရာလေး ဟိ"

စိတ်ညစ်ရတဲ့ အထဲ အဲဒါတွေလည်း ပါတယ်။ နဂိုကမှ လူက ကြောင်တောင်တောင် ဖြစ်နေပါတယ်ဆို သူ ပြောမှ ကျွန်တော့်မှာ ဝိုရ မလိုလို၊ ရယ်ရ မလိုလို။ ဘယ်လို ပြောရမှန်းတောင် မသိတော့တဲ့ ကျွန်တော့်ရဲ့ မိစ္ဆာမလေး။

ကျွန်တော့်ရဲ့...။

အင်း... အခုက ကျွန်တော့်ရဲ့ မဟုတ်တော့ဘူး။ သူများရဲ့ ဖြစ် သွားပြီ။ သူများရဲ့ မိစ္ဆာမလေး။

"နင် ဆိုချင်သလို ဆိုနေမယ် ဆိုရင် ငါ မသင်ပေးတော့ဘူး"

"အဲ့လိုတော့ မရဘူးလေ။ နင်နဲ့ငါ စာချုပ်ထားတာ မပြည့်သေး ဘူး။ နင် ကတိဖျက်ရင် ငါ့ပိုက်ဆံ သုံးဆပြန်လျော်ရမယ်၊ အဘ သက်သေ ရှိတယ်နော် ဟင်းဟင်း"



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော့်ဒေါသကို မဖြုတဲ့အပြင် ကျွန်တော့်ကိုတောင် ပြန်ခြိမ်းခြောက်နေလိုက်သေး။ နင်နဲ့တော့ ခက်တော့တာပါပဲ ခင်ပြုံးစိန်ရယ်။

"လျော်မယ်ဟာ လျော်မယ်။ နောက်နေ့ကစ လာမသင်နဲ့"

"အောင်မယ် နင်တောင် အဘဆီက ပြန်တောင်းနေရတာများ။ ဘယ်က ပိုက်ဆံနဲ့ လျော်မှာတုန်း။ စဉ်းစဉ်းစားစား ပြော"

သူ ပြောမှ ကိုယ့်အခြေအနေကိုယ် ပြန်သတိရမိသွားတယ်။ ဟုတ်တော့ ဟုတ်တယ်။ ကိုဗစ်ကပ်ရောဂါ ဒုတိယလှိုင်းက မပြီးသေးတာမို့ အလုပ်တွေက အကုန်ရပ်ထားရသလို ဖြစ်နေတော့ အကျပ်တွေ့နေတာလည်း မှန်ရဲ့။ အခါတိုင်းဆို နွေခင်းမှာ အတီးသင်တန်းဖွင့်၊ ညတွေဆို ဟိုတယ်က ဘားတခုခုမှာ စောင်း ဖြစ်ဖြစ်၊ ပတ္တလား ဖြစ်ဖြစ် တီးနေရတာမျိုး။ အချိန်ပို ဆိုတာက မရှိသလောက်ပဲ။ အခုတော့ အတီးသင်တန်းက ပိတ်ထားရတဲ့ အပြင် အချိန်ပိုင်း အလုပ်လုပ်နေတဲ့ ဟိုတယ်တွေကပါ ပိတ်ထားတော့ ဝင်ငွေက မရှိသလောက်ပဲ။

"နင် ဘယ်လိုစိတ်နဲ့ ငါ့ဆီ လာနေသေးတာလဲ ခင်ပြုံးစိန်"

"ဟ အခါတိုင်းလဲ ငါ လာနေကြပဲလေ။ နင်လဲ ငါ့အိမ် လာတာပဲလေ"

သူက သိပ်မထူးဆန်းဟန်နဲ့ ပြောတော့ ကျွန်တော့်ရင်ထဲ နင့်ခနဲ။ သူ့ကြောင့် ကျွန်တော်က ရင်နာနေရသလောက် သူကတော့ ကျွန်တော်တို့



mgyoe.com

mgyoe.com SAMPLE BOOK



နှစ်ယောက်ကြားမှာ ဘာကိစ္စမှ မဖြစ်ခဲ့လေဟန် အေးအေးဆေးဆေး။ ကျွန်တော့်ခံစားချက် ဆိုတာက သူ ထည့်တွက်ရမယ့် အကြောင်းတွေထဲ မပါခဲ့တာမျိုးလား။

"အခုက ငါ့မှာ နင် ပေးထားတဲ့ ဒဏ်ရာတွေနဲ့လေ၊ ဒီအချိန် နင်ကတောင် ငါ့ကို ရှောင်ရမှာကို"

"အောင်မယ်၊ စကားကို စဉ်းစဉ်းစားစား ပြော။ ဘာကိစ္စ ငါက ဒဏ်ရာပေးရမှာတုံး၊ နင့်ဘာသာ ရှာယူပြီးတော့များ"

ကျွန်တော် ခေါင်းပဲ ကုပ်မိတော့တယ်။ စကားကတ်တဲ့ နေရာမှာ သူက နှစ်ယောက်မရှိတဲ့ လူစားမျိုး။ ကြာရင် ကျွန်တော်ပဲ အရှက် ကွဲရ ပြန်ဦးမယ်။

"နင် မစာနာနိုင်ရင်လဲ နေပါ၊ ငါ့ကိုတော့ ဒဏ်ရာတွေ ထပ်မပေး ပါနဲ့ဟာ"

ကျွန်တော် ညည်းညည်းတွားတွား ပြောမိတော့ သူ့မျက်နှာက တည်လာတယ်။

"ငါ ဒဏ်ရာလာပေးတာ မဟုတ်ပါဘူး ဆိုဟာ။ အလုပ်မရှိရင် နင် စိတ်ညစ်နေမှာ၊ စိတ်လေနေမှာ စိုးမိလို့။ ငါ သီချင်းလာတက်ရင်း နင်နဲ့ အဘအတွက် ဟင်းလဲ ယူခဲ့တယ်လေ။ နင့်အကြိုက် ပဲနှပ်လေးလဲ ချက်ခဲ့တယ်။ နင် စိတ်ညစ်လို့ အရက်သောက်ရင် အမြည်း ရအောင်ဆိုပြီး



mgyoe.com

mgyoe.com SAMPLE BOOK



အမဲသားခြောက်လေးတောင် ဖုတ်ခဲ့သေးတယ်။ အယ်... အမဲသားခြောက် ဆိုမှ သတိရတယ်၊ သံပုရာသီးတောင် မခြမ်းခဲ့ရဘူး၊ နင်တို့အိမ်မှာ သံပုရာ သီး ရှိတယ် မဟုတ်လား၊ ငါ သွားခြမ်းလိုက်ဦးမယ်"

သွားမယ်ပြင်နေတဲ့ ခြေထောက်တွေကို လှမ်းဟန့်လိုက်တယ်။ ကြာရင် ကျွန်တော် ရှုံးရချည်ရဲ့။

"ရပြီ ရပြီ၊ ငါ့ဘာသာ သံပုရာသီး ရှာပြီး ခြည်းလိုက်မယ် သိလား။ အခု နင်ပြန်တော့၊ နောက်နေ့မှ ပြန်လာတော့"

သွားမယ် ပြင်နေတဲ့ ခြေထောက်တွေကို ကျွန်တော် လှမ်းဟန့် လိုက်တယ်။ ကြာရင် ကျွန်တော် ရှုံးရချည်းရဲ့။

"ဘာလို့လဲဟ၊ သီချင်းက အခုမှ တပိုဒ်တောင် မရသေးဘူး"

နားမလည်ဟန်နဲ့ မေးလာတဲ့ မျက်နှာပေးလေးက ချစ်စရာ။ သူ လည်ချင်ပြီဆို နှစ်ယောက်မရှိတတ်အောင် လည်ပေမယ့် အချင်ပြီ ဆိုရင် လည်း အင်မတန်မှ ဒုံးဝေးတဲ့ ကောင်မလေး။ ကျွန်တော် စိတ်မရှည်တော့ ဘူး။

"ဘာလို့လဲ ဆိုတော့ နင့်ကို ဖက်နမ်းမိတော့မှာ စိုးလို့"

ထိုင်ရာကနေ ရုတ်တရက် နောက်ဆုတ်သွားတယ်။ နည်းနည်း တော့ လန့်သွားပုံပဲ။

"အမ်... အဲဒီလိုလား၊ အဲဒါဆိုရင်တော့ မဖြစ်ဘူး။ ပြန်မယ်။ နင့်



mgyoe.com

mgyoe.com SAMPLE BOOK



ကြောက်လို့တော့ မဟုတ်ဘူးနော်။ နင့်ဗလလောက်တော့ ပြိုင်ထိုးလို့ ရတယ် သိလား ဟင်း"

စူစူအောင့်အောင့်နဲ့ ပြန်ဖို့ ပြင်နေတာ မြင်တော့လည်း ရင်ထဲ ဟာတာတာ။ တကယ်ဆို ကျွန်တော်တို့တွေက ပိုဝေးဖို့ပဲ ရှိရတော့မှာ မဟုတ်ဘူး လား။ ကျွန်တော် သူ့ဆီက သံယောဇဉ်အပိုတွေ မယူချင် တော့ဘူး။

"ဟော့ ချိုင့်ကျန်ခဲ့ပြီ"

"နောက်နေ့မှ ယူတော့မယ် နွားဘူးကောင်ရေ့ အခု ငါ ရှူးတအား ပေါက်ချင်နေလို့"

သူ့ ခြေလှမ်းတွေက မပြေးရုံတမည်။

ဒို - ဘုရားသခင်၊ ကျွန်တော့်အလွမ်းတွေ ဘယ်လောက်တောင် သိပ်သည်းရဦးမှာပါလဲ။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

နံရံပေါ်က ရှက်ဆုတ်ပြက္ခဒိန်လေးကနေ ဒီနေ့အတွက် တရွက်ကို ဆွဲဆုတ်လိုက်တယ်။

"ဟော့ကောင်… ရက်မှ မကုန်သေးတာကို လုပ်ပြန်ပြီ"

နောက်ကနေ အဘအသံ ကြားလိုက်ပေမယ့် မမီတော့ဘူး။ စာရွက်က ကျွန်တော့်လက်ထဲ ရောက်နေပြီ။ သူခိုး လူမိဟန်နဲ့ အဘကို အရှက်ပြေ ရယ်ပြလိုက်တယ်။

"ဒိုင်ယာရီစာအုပ် ဝယ်ရေးပါ ဆိုတော့လဲ ဝယ်မရေးဘူး။ ပြက္ခဒိန်တခု သတ်သတ်ဝယ် ဆိုတော့လဲ မဝယ်ဘူး။ အားအားရှိ ဝါ့ဟာလေးပဲ လာလာဖြဲနေ၊ ကလေးကလားနဲ့ မင်းတော့"



mgyoe.com

mgyoe.com SAMPLE BOOK



"အဘကလဲ၊ ဒိုင်ယာရီက နေ့တိုင်းမရေးတော့ စာအုပ်က မလို ဘူးလေ။ ပြီးတော့ ဒီလိုရေးရတာက ပိုအဆင်ပြေတယ်။ နောက် ပြန်ဖတ် တဲ့အခါ ကိုယ်မလိုချင်တဲ့ ရက်စွဲတွေဆို အလွယ် လွှင့်ပစ်လိုက်ရုံပဲ။ စာအုပ်ထဲမှာ ကျန်မနေတော့ဘူး။ စာအုပ်ကို မဖြဲရလို့ စာအုပ်နာတာ မျိုးလဲ မရှိတော့ဘူးလေ။ ကဲ ဘယ်လောက် အဆင်ပြေလဲ"

ကျွန်တော့် ဆင်ခြေတွေကို အဘက ပခုံးတွန့်တယ်။

"မင်းက အတီးသမား မလုပ်ရဘူး။ ရှေ့နေ လုပ်ခဲ့ရမှာ"

အဘရှေ့က မြန်မြန်ထွက်ပြီး အခန်းထဲ သုတ်ခြေတင် ဝင်ခဲ့ တယ်။ ဒါတောင် အဘရဲ့ ဗျစ်တောက်ဗျစ်တောက် စကားတွေက နောက် က လိုက်လာသေး။ အခန်းတံခါးကို ချက်ချလိုက်တယ်။ တကယ်တော့ ဒီအိမ်မှာ ကျွန်တော်နဲ့ အဘ နှစ်ယောက်တည်း နေတာ။ အဘက ကျွန်တော့်အခန်းကို သန့်ရှင်းရေးလုပ်ပေးတဲ့ အချိန်က လွဲလို့ ဝင်ခဲတယ်။ အခုက ကျွန်တော့်စိတ်ကို ကျွန်တော်ဘာသာ မလုံနေလို့။

စာရေးစားပွဲမှာ ထိုင်ပြီး စောစောက ဖြဲလာတဲ့ ပြက္ခဒိန်စာရွက် နောက်ကျောမှာ စာလေးတကြောင်း ချရေးလိုက်တယ်။

"နကရတရစမ"

အခါတိုင်းလို ဗလာစာအုပ်ထဲ ညှပ်မယ်လုပ်တော့ အရင်တနေ့က ရေးထားတဲ့ ပြက္ခဒိန်စာရွက်လေးကို တွေ့တယ်။ နောက်ကျောကို ကြည့်



mgyoe.com

mgyoe.com SAMPLE BOOK



လိုက်တော့ 'အသကတန' တဲ့။

ပြုံးပြီး ဖတ်နေရပေမယ့် ကျွန်တော့်ရင် ဘယ်လောက် နာနေတယ် ဆိုတာ ကျွန်တော်ကိုယ်တိုင်ပဲ သိတယ်။ စာရွက်ကို ပြန်ညှပ်ပြီး ဗလာစာအုပ်ကို ပိတ်လိုက်ချိန်မှာ ကျွန်တော် မပြုံးနိုင်တော့ဘူး။ ဒီရက်စွဲတွေက နောက်တချိန် လှန်ပစ်ရမယ့် ရက်စွဲတွေထဲ ပါနိုင်ပါ့မလား ဆိုတာကိုတော့ ကျွန်တော် သံသယဝင်မိတယ်။

ဘာစာမှ ချမရေးဖြစ်သေးသမျှ ဗလာစာအုပ် တအုပ်က အသစ်ပဲ။ ဒါပေမဲ့ အဖုံးမှာ နာမည်တပ်လိုက်တာပဲ ဖြစ်ဖြစ်၊ အတွင်းစာမျက်နှာတွေမှာ စာတကြောင်း ရေးလိုက်ရင်ပဲ ဖြစ်ဖြစ် အဲဒီဗလာစာအုပ်က ရေးပြီးသား အဟောင်းတအုပ် ဖြစ်သွားပြီ။ ဒီဗလာစာအုပ်လေး ဟောင်းသွားမှာ နှမြောစိတ်နဲ့ ဘာမှ မရေးဖြစ်ခဲ့ဖူးဘူး။

အခုတော့ ကျွန်တော့်နှလုံးသားလည်း အဟောင်းတခု ဖြစ်ခဲ့ပြီ။ စာကြောင်းတကြောင်း ထင်ခဲ့ပြီလေ။

"အလွမ်း" တဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

ကျွန်တော့်ဘဝထဲကို ခင်ပြုံးစိန် ရောက်လာခဲ့ပုံက ရိုးရိုးစင်းစင်း။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ကဗျာဆန်ဆန် ဖြစ်ရပ်မျိုးတွေ မပါခဲ့ဘူး။ ကျွန်တော့်ဆီမှာ စောင်းတီးသင်တန်းတက်ဖို့ လာစုံစမ်းရင်း တွေ့ကြတာမျိုးပဲ။

ကျွန်တော့်ကို တွေ့တွေ့ချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်လာတဲ့ ခင်ပြုံးစိန်ကို ချက်ချင်း မမှတ်မိခဲ့ဘူး။

"ငါက ခင်ပြုံးစိန်လေ။ ဆယ်တန်း တုန်းက နင်တို့တွေ ငါ့နာမည်ကို တချိန်လုံး လိုက်စနေကြတာလေ"

ဆိုတော့မှ က န်တော်တို့ စတဲ့အခါတိုင်း မျက်မှောင်ကြုတ်ပြီး



mgyoe.com

mgyoe.com SAMPLE BOOK


အံကြိတ်ပြတတ်တဲ့ ကောင်မလေးတယောက်ကို သတိရသွားတယ်။ ဆယ်တန်းတုန်းက မပြင်တတ်၊ မဆင်တတ် ပိန်ကပ်ကပ် စာကြမ်းပိုး မလေးက တသွေးတမွေးနဲ့ အလှတွေ ကြွယ်နေတော့ ချက်ချင်း မမှတ်မိတာ ကျွန်တော့်အလွန်တော့လည်း မဟုတ်ဘူး။

ကျွန်တော်တို့ ဘီခန်းမှာ ခင်ပြုံးစိန်ကို မသိတဲ့သူ မရှိသလောက်ပဲ။ လှလို့၊ စာတော်လို့ ဆိုတာထက် ခပ်ဆန်းဆန်း နာမည်ကြောင့် ပိုသိကြတာမျိုး။ ကျောင်းတက်စာရင်း ခေါ်တဲ့အချိန် ခင်ပြုံးစိန့်နာမည်ကြားရင် အလိုလို ပြုံးမိကြတယ်။ သူ့နာမည်ကို အသံကျယ်ကျယ်နဲ့ အော်ခေါ်ပြီးစရင်မကြိုက်။ ဘာမှပြန်မပြောပေမယ့် အံကြိတ်ပြတတ်တယ်၊ ကျွန်တော်တို့လည်း ခင်လို့သာ စနေတာ ဆိုပေမယ့် တခုခု အကူအညီလိုပြီဆို သူ့အရင်ဆုံး သတိရကြတာမျိုးပဲ။ သူက ကျောင်းမှာကတည်းက ဖော်ရွေတယ်။ ကူညီတတ်တယ်။ ကျွန်တော်တို့ စာမေးရင်လည်း ဆရာကြီး စတိုင် မဖမ်းပဲ သေသေချာချာ ရှင်းပြပေးတတ်တယ်။

အထက်တန်း ပြီးသွားကတည်းက မဆုံဖြစ်ကြတော့တဲ့ ခင်ပြုံးစိန်က ပြန်တွေ့တဲ့ အချိန်မှာ တော်တော်လေး ပြောင်းလဲသွားတယ်။ ဟိုတုန်းက ကုပ်ဝဲသာသာ ဆံပင်လေးက ကျောလယ်ထိ ရှည်လာသလို စုတ်ချွန်းချွန်း မျက်နှာလေးကလည်း ပြည့်လာတယ်။ ခန္ဓာကိုယ်က အရင်လို ပိန်ပိန်ပါးပါး မဟုတ်တော့ပေမယ့် ဝနေတာမျိုးလည်း မဟုတ်။


mgyoe.com